# VPAS

**ဗစ်တိုးရီးယားပြည်နယ်
သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးခြင်းအတွက်
အလောင်း ခွဲစိတ် စစ်ဆေးခြင်းဆိုင်ရာ
ဝန်ဆောင်မှု**

## သင့်ကလေး သေဆုံးပြီး သေဆုံးရခြင်း အကြောင်းရင်း ရှာဖွေရန် အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြုသင့်၊မပြုသင့် ဆုံးဖြတ်ခြင်း

သင့်ဆုံးရှုံးမှုအတွက် ကျွန်ုပ်တို့ အလွန်ဝမ်းနည်းကြေကွဲရပါသည်။

သင့်ကလေးသေဆုံးပြီးနောက် ပြုလုပ်ရသည့် ဆုံးဖြတ်ချက်များသည် သင့်ဘဝတွင် ပြုလုပ်ခဲ့ရမည့် ဆုံးဖြတ်ချက်များမှ အခက်ခဲဆုံး ဆုံးဖြတ်ချက် တစ်ချို့ ဖြစ်ပါလိမ့်မည်။

သင့်အနေနှင့် ကလေးအတွက် သေဆုံးရခြင်း ရောဂါအကြောင်းရင်း ရှာဖွေစစ်ဆေးခြင်း (အလောင်းကို ခွဲစိတ်စစ်ဆေးခြင်း ဟုလည်းခေါ်ကြသည်) ပြုလုပ်ရေးအတွက် စဉ်းစားဆုံးဖြတ်နိုင်ရန် ဤသိကောင်းစရာ အချက်အလက်များကို ပေးခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ သင်၊ သင့်မိသားစုနှင့် သင့်ကလေးအတွက် သိသင့်သိထိုက်သည်များကို သိရှိပြီး ဆုံးဖြတ်ချက်ချနိုင်ရေးအတွက် ရှင်းလင်းတိကျသည့် သိကောင်းစရာ အချက်အလက်များကို ပေးရန် ရည်ရွယ်ပါသည်။

ဤသိကောင်းစရာ အချက်အလက်များက ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများ၊ ရနိုင်သည့် အလောင်း ခွဲစိတ် စစ်ဆေးခြင်းဆိုင်ရာ ရွေးချယ်နိုင်သော နည်းလမ်းအသွယ်သွယ်၏ အသေးစိတ် အချက်အလက်များ၊ သူတို့ ပြုလုပ်မည့်နေရာနှင့် သင့်ကလေး ကောင်းမွန်စွာ ရောက်လာစေရန် ကျွန်ုပ်တို့ မည်သို့ သေချာစွာ ဆောင်ရွက်သည်တို့ကို ဖော်ပြထားပါသည်။

အကယ်၍ သင် မသေချာသည်များ တစ်ခုခု ရှိခဲ့လျှင် သို့မဟုတ် ပိုမိုပြီး အသေးစိတ် ရှင်းပြစေလိုသည့်အရာ တစ်ခုခုရှိခဲ့လျှင် ကျေးဇူးပြုပြီး ဤသိကောင်းစရာ အချက်အလက်များ စာစောင်ကို လာပေးသူအား မဆိုင်းမတွ မေးမြန်းပါ။

အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြုလုပ်ရန်နှင့်ပတ်သက်၍ မဆုံးဖြတ်မီ သင့်မှာ သိသင့်သိအပ်သော အချက်အလက်များအားလုံး ပြည့်စုံစွာ သိထားရန် အရေးကြီးပါသည်။ သင်သည် မိသားစုနှင့်လည်း တိုင်ပင်နိုင်ပါသည်။

သင့်အနေနှင့် စိတ်ပိုင်း သို့မဟုတ် ဘာသာရေးပိုင်းဆိုင်ရာ လမ်းညွှန်မှုများနှင့် ပံ့ပိုးမှုလည်း ရယူနိုင်ပါသည်။။ သို့မဟုတ် ဤဖြစ်ရပ်မျိုး တွေ့ကြုံခဲ့သူတစ်ဦးနှင့်လည်း ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ (စာမျက်နှာ 4 ရှိ ပူဆွေးသောကရောက်ခြင်းဆိုင်ရာ မှီငြမ်းစရာများ QR ကုဒ် (bereavement resources QR code) ကို ကြည့်ပါ။

### ဗစ်တိုးရီးယားပြည်နယ် သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးခြင်းအတွက် အလောင်း ခွဲစိတ် စစ်ဆေးခြင်းဆိုင်ရာ ဝန်ဆောင်မှု ဆိုသည်မှာ မည်သူနည်း။

ဗစ်တိုးရီးယားပြည်နယ်တွင် သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးခြင်းအတွက် အလောင်း ခွဲစိတ် စစ်ဆေးခြင်းဆိုင်ရာ ဝန်ဆောင်မှု (VPAS) သည် ဗစ်တိုးရီးယားပြည်နယ် လူမှုအဖွဲ့အစည်းအတွင်း ဝန်ဆောင်မှုများ ပြုလုပ်ပေးသည်။ သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး တို့သေဆုံးခြင်းများမှာ အသေမွေးခြင်းနှင့် မွေးကင်းစ သေဆုံးခြင်းတို့ ပါဝင်သည်။

အသေမွေးခြင်း ဆိုသည်မှာ ကလေးသည် ကိုယ်ဝန်ဆောင်ကာလ 20 ပါတ်ကျော်ချိန်တွင် အသက်မရှင်ဘဲ မွေးလာခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်ကာလ မသိသောအခါ ကလေး၏ ကိုယ်အလေးချိန် 400 ဂရမ် ထက် ပိုနေခြင်းတို့ ဖြစ်သည်။ မွေးကင်းစ သေဆုံးခြင်းမှာ ကလေးသည် မွေးပြီး 28 ရက်အတွင်း သေဆုံးခြင်းကို ဆိုလိုပါသည်။

VPAS ကို ဗစ်တိုးရီးယားပြည်နယ်အစိုးရက ဖော်ထုတ်ခဲ့ပြီး တော်ဝင်အမျိုးသမီးဆေးရုံ (Royal Women’s Hospital)၊ မောနက်ရှ် ကျန်းမာရေး (Monash Health)၊ အမျိုးသမီးများအတွက် ကရုဏာဆေးရုံ (Mercy Hospital for Women) တို့နှင့် သူတို့၏ ရောဂါဗေဒဆိုင်ရာ ပံ့ပိုးသူများ၏ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေနှင့် ကလေးဆုံးရှုံးကြရသည့် မိသားစုများကို ကူညီပံ့ပိုးနိုင်ရန် ဗစ်တိုးရီးယားပြည်နယ် ဆေးရုံများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေပါသည်။

ကျွန်ုပ်တို့အနေနှင့် ဆေးရုံဝန်ထမ်းများအား လိုအပ်သည့်အချက်အလက်များနှင့် လမ်းညွှန်မှုများ ပံ့ပိုးပေးပြီး ကလေးသေဆုံးမှု ကြုံတွေ့အပြီး အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြုလုပ်ပေးရန် မေတ္တာရပ်ခံလာသူများနှင့် ချိတ်ဆက်ပေးပါသည်။





DOCUMENT NUMBER FAM-GUI-01 DECIDING IF YOUR BABY SHOULD HAVE A POST-MORTEM EXAMINATION
REVISION NUMBER 01 EFFECTIVE DATE 21-JUN-2024

## အလောင်း ခွဲစိတ် စစ်ဆေးခြင်း ဆိုသည်မှာ အဘယ်နည်း။

အလောင်း ခွဲစိတ် စစ်ဆေးခြင်းဆိုသည်မှာ သေဆုံးပြီးချိန်တွင် ကိုယ်ခန္ဓာအား ဆေးပညာဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်က အလောင်းကို စစ်ဆေးခြင်းကို ခေါ်ပါသည်။ သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးခြင်းဆိုင်ရာ စစ်ဆေးမှုအားလုံးကို သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးခြင်း ဆိုင်ရာ ရောဂါဗေဒ ပညာရှင် တက်ရောက်ရပါသည်။

သူတို့သည် ကလေးများ သေဆုံးမှုများအတွက် အလောင်း ခွဲစိတ် စစ်ဆေးခြင်း ကို သီးသန့်လေ့ကျင့်ထားသည့် အထူးကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သော ဆရာဝန်များ ဖြစ်ကြပါသည်။

မည်သည့် အလောင်း ခွဲစိတ် စစ်ဆေးခြင်းမျိုးကိုမဆို သင်၏ သဘောတူခွင့်ပြုချက်မပါဘဲ မလုပ်ပါ။ သင့်ဆုံးဖြတ်ချက်ကို VPAS သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးခြင်းဆိုင်ရာ အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပုံစံ (VPAS consent for perinatal post-mortem examination form) တွင် မဖြစ်မနေ မှတ်တမ်းတင်ထားရပါမည်။

စစ်ဆေးခြင်းကို သင့်ကလေးသေဆုံးပြီး အမြန်ဆုံး ဆောင်ရွက်ပါသည်။ ၎င်းသည် အလုပ်ဖွင့်ရက် အနည်းငယ်အတွင်း ပြုလုပ်ပါသည်။

သင့်ကလေးကို ကျွမ်းကျင်သူပညာရှင်၏ နေရာသို့ ပို့ဆောင်ချိန်၊ စစ်ဆေးချိန်နှင့် သင်ရွေးချယ်သည့် အသုဘကိစ္စ စီစဉ်ဆောင်ရွက်သူထံ ပို့ပေးချိန်တို့တွင် အမြဲတန်း တလေးတစား ဂရုစိုက် ပြုလုပ်ပေးပါသည်။

အလောင်း ခွဲစိတ် စစ်ဆေးခြင်းနှင့် နောက်ထပ်အပိုဆောင်ရွက်သော စစ်ဆေးမှုများသည် ဩစတြေးလျားနိုင်ငံနှင့် နယူးဇီလန်နိုင်ငံဆိုင်ရာ သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးမှု ကြုံခဲ့သူများ အသင်း (Perinatal Society of Australia and New Zealand) (PSANZ) ၏ လမ်းညွှန်မှုများကို လိုက်နာပါသည်။

အချို့သောကိစ္စရပ်များတွင် ကလေး၏သေဆုံးမှုကို သေမှုသေခင်း စုံစမ်းစစ်ဆေးရေးအရာရှိ (Coroner) ထံ သတင်းပို့ရပါသည်။ ဤကဲ့သို့အခြေအနေမျိုးမှာ အလောင်း ခွဲစိတ် စစ်ဆေးခြင်းကို စီစဉ်ရန် သေမှုသေခင်း စုံစမ်းစစ်ဆေးရေးအရာရှိ၏ တာဝန်ဖြစ်ပါသည်။ ၎င်းမှာ ဖြစ်ခဲ့ပြီး သင်နှင့်သင့်ကလေးကို စောင့်ရှောက်နေသည့် ဝန်ထမ်းက သင်နှင့်ဆွေးနွေးပါလိမ့်မည်။

## ကျွန်ုပ်တို့က အဘယ်ကြောင့် အလောင်း ခွဲစိတ် စစ်ဆေးခြင်းကို ပြုလုပ်ပေးရန် ကမ်းလှမ်းသနည်း။

ကလေးသေဆုံးသည့်အခါ မည်ကဲ့သို့ဖြစ်ပျက်ခဲ့ကြောင်း နားလည်သိရှိစေရန် အတွက် ကျွန်ုပ်တို့က ရင်ခွဲစစ်ဆေးခြင်းကို ပြုလုပ်ပေးရန် ကမ်းလှမ်းပါသည်။

သင့် ကိုယ်ဝန်၏ အခြေအနေပေါ်မူတည်ပြီး အလောင်း ခွဲစိတ် စစ်ဆေးခြင်းသည် မီးမဖွားမီနှင့် မီးဖွားချိန်တွင် သေဆုံးရသည့် အကြောင်းရင်းဆိုင်ရာ စစ်ဆေးတွေ့ရှိရသည့် အခြေအနေများ၏ အရေးကြီးသည့် အချက်အလက်များကို ဆက်လက်ဖော်ထုတ်နိုင်ရေးအတွက် အထောက်အကူ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ဤသို့ပြုလုပ်ခြင်းသည် နောင်ကိုယ်ဝန်ဆောင်ခြင်းများအတွက် အဖိုးတန်သည့် သိကောင်းစရာ အချက်အလက်များ ပံ့ပိုးပေးပြီး အသေမွေးခြင်းနှင့် မွေးကင်းစကလေး သေဆုံးခြင်းတို့ကို တားဆီးရေး သုတေသနလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်း နည်းလမ်းအသွယ်သွယ်မှာ အဘယ်နည်း။

အလောင်း ခွဲစိတ် စစ်ဆေးခြင်း နည်းလမ်းအမျိုးမျိုးရှိပြီး တစ်ခုခြင်းစီသည် အသေးစိတ်ဆောင်ရွက်ပုံ အဆင့်ခြင်း မတူညီကြပါ။ ပိုမိုပြီး အသေးစိတ် စစ်ဆေးလေ၊ ပိုပြီးတိကျသည့် အချက်အလက်များရလေ ဖြစ်ပါသည်။

အလောင်း ခွဲစိတ် စစ်ဆေးခြင်းအားလုံးတွင် ဆေးဘက်ဆိုင်ရာ ဓာတ်ပုံများနှင့် အချင်းကို စစ်ဆေးခြင်းတို့ ပါဝင်သည်။ ဓာတ်မှန်များ၊ (ကိုယ်အတွင်းမှ ပုံရိပ်များ၏ အသေးစိတ်ပုံဖော်မှု ပေးသည့်) MRI စကင်များနှင့် ရောဂါကူးစက်မှုနှင့် မျိုးရိုးဗီဇ အခြေအနေများ ပါဝင်ကောင်း ပါဝင်နိုင်သည်။

### ပြည့်စုံစွာ အလောင်း ခွဲစိတ် စစ်ဆေးခြင်း

ပြည့်စုံစွာ အလောင်း ခွဲစိတ် စစ်ဆေးခြင်းဆိုသည်မှာ သင့်ကလေး၏ ခန္ဓာကိုယ် တွင်း နှင့် ကိုယ်ပြင်ပကို အသေးစိတ် ပြည့်ပြည့်စုံစုံ စစ်ဆေးခြင်း ဖြစ်ပါသည်။

ခန္ဓာကိုယ်တွင်း စစ်ဆေးမှုတွင် ရောဂါဗေဒပညာရှင်သည် နှစ်နေရာတွင် ဖွင့်ခြင်း (ဒါးနှင့် ခွဲခြင်း) ပြုလုပ်ပြီး ခန္ဓာကိုယ် အစိတ်အပိုင်းနှင့် ဦးနှောက်အပိုင်းအစကို ယူပြီး စစ်ဆေးပါမည်။

ခွဲခြမ်းစိတ်ဖြာ စစ်ဆေးခြင်းပြုလုပ်ရန် တစ်ရှူးစ အချို့(အသားမျှင်ကို စစ်ဆေး ခြင်းမှာကဲ့သို့) ကို ယူပြီး သိမ်းထားပါမည်။ ရောဂါစစ်တမ်းအတွက် မလိုအပ်သည့် ဦးနှောက်အပါအဝင် မည်သည့် တစ်ရှူး သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းကိုမဆို သင်က အခြားနည်းလမ်း မေတ္တာရပ်ခံသည်များမှလွဲလျှင် သင့်ကလေး၏ ခန္ဓာကိုယ် သို့ ပြန်ထည့်ပါမည်။

စစ်ဆေးခြင်း ပြီးဆုံးသည့်အခါ ခွဲထားသည့်နေရာများကို သေချာစွာ ပြန်ပိတ်ခြင်း၊ချုပ်ခြင်း ပြုလုပ်ပြီး သင့်ကလေးကို အဝတ်အစားများ ပြန်ဝတ်ဆင်ပါမည်။ အဝတ်အစားများ ပြန်ဝတ်ပေးပြီး ဦးခေါင်းစွပ်လေး ဝတ်ပေးပြီးသည့်အခါ ချုပ်ရိုးများ မမြင်ရတော့ပါ။

### အကန့်အသတ်ဖြင့် အလောင်း ခွဲစိတ် စစ်ဆေးခြင်း

အကန့်အသတ်ဖြင့် အလောင်း ခွဲစိတ် စစ်ဆေးခြင်းပြုလုပ်ရာတွင် ပြည့်ပြည့်စုံစုံ အလောင်း ခွဲစိတ် စစ်ဆေးခြင်း၏ တစ်စိတ်တစ်ပိုင်းသာ ပြုလုပ်ပါသည်။

ရောဂါဗေဒပညာရှင်သည် သင့်ကလေး၏ ခန္ဓာကိုယ်ပြင်ပကို အသေးစိတ် စစ်ဆေးပါသည်။ ထို့နောက် သင်နှင့် သင့်ဆရာဝန်တို့ ဆုံးဖြတ်သည့် ခန္ဓာကိုယ် သီးသန့်အစိတ်အပိုင်းများ သို့မဟုတ် နေရာများကို အကန့်အသတ်ဖြင့် စစ်ဆေးမှု ပြုပါမည်။

ဥပမာအားဖြင့်၊ သင့်အနေနှင့် ခန္ဓာကိုယ်ပြင်ပကိုသာ စစ်ဆေးပြီး ကိုယ်တွင်းကိုမူ ဝမ်ခေါင်း (ဝမ်းဗိုက်) အတွင်းကိုသာ စစ်ဆေးလိုသည်လည်း ဖြစ်နိုင်သည်။ သို့မဟုတ်၊ သင်က မျိုးရိုးဗီဇဆိုင်ရာ စစ်ဆေးမှု ပြုလုပ်ရန်အတွက် အရေပြားနမူနာများ ယူရန် သဘောတူသည်လည်း ဖြစ်နိုင်သည်။

သေးငယ်သည့်  အသားမျှင်များကို ခွဲခြမ်းစစ်ဆေးရန်ယူထားပြီး သိမ်းဆီးထားပါမည်။

### ခန္ဓာကိုယ်ပြင်ပ အလောင်း ခွဲစိတ် စစ်ဆေးခြင်း

ခန္ဓာကိုယ်ပြင်ပ အလောင်း ခွဲစိတ် စစ်ဆေးခြင်းပြုလုပ်ရာတွင် သင့်ကလေး၏ ခန္ဓာကိုယ်ပြင်ပကို အသေးစိတ် စစ်ဆေးမှု ပါဝင်ပါသည်။ ခန္ဓာကိုယ်အတွင်း စစ်ဆေးခြင်း၊ ဒါးနှင့် ခွဲခြင်း၊ အသားမျှင်များ နမူနာယူခြင်းလည်း မပြုလုပ်ပါ။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြုလုပ်ပြီးသည့်အခါ အသားမျှင်များနှင့် ခန္ဓာကိုယ် အစိတ်အပိုင်းများကို ဘာလုပ်သနည်း။

အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြုလုပ်ပြီးသည့်အခါ သန္ဓေသား သို့မဟုတ် မွေးကင်းစ ကလေးသေဆုံးမှုဆိုင်ရာ ရောဂါဗေဒပညာရှင်သည် ရယူထားသည့် အသားမျှင်များကို မှန်ဘီလူးအောက်တွင် ကြည့်ရှုစစ်ဆေးပါမည်။ ယင်းနမူနာများကို ဖယောင်းတုံးများထဲ တွင်ထည့်ပြီး တာရှည်ခံရန် ပြုလုပ်ထားသည်။ စစ်ဆေးပြီးသည့်အခါ၊ ထိုဖယောင်းတုံးများ ကို ရောဂါဗေဒဌာနတွင် သိမ်းဆည်းထားသည်။

တရားဥပဒေအရ ဆေးရုံများသည် အလောင်း ခွဲစိတ် စစ်ဆေးခြင်းပြုလုပ်ရာမှ ရယူ ထားသည့် အသားမျှင်နမူနာ (ဖယောင်းတုံးများ) ကို အနည်းဆုံး 25  နှစ်ကြာ ထိန်းသိမ်း ထားရန် လိုအပ်ပါသည်။ သင်နှင့် သင့်ဆရာဝန်တို့ လိုအပ်ကြောင်း ဆုံးဖြတ်ကြသည့် သေးငယ်သော အသားမျှင်နမူနာကိုလည်း နောက်နောင် စစ်ဆေးမှုများအတွက် အေးခဲပြီး သိမ်းဆီးထားနိုင်ပါသည်။

ကျန်ရှိနေသည့် အသားမျှင် သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းများကို သင့်ကလေး၏ ခန္ဓာကိုယ်အတွင်း ပြန်ထည့်ပါမည်။ သို့သော်၊ တစ်ခါတစ်ရံမှာ ကလေးငယ်များက ခန္ဓာကိုယ်အစိတ်အပိုင်း သေးငယ်သည့်အတွက် ကျွန်ုပ်တို့စစ်ဆေးမှုအတွက် လုံလောက် စေရန် ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုလုံး ယူလိုက်ရသည်လည်း ဖြစ်နိုင်ပါသည်။

အကယ်၍သင်က ကျန်ရှိနေသော မည်သည့် အသားမျှင် သို့မဟုတ် ခန္ဓာကိုယ် အစိတ်အပိုင်းများကိုမဆို သုတေသနပြုလုပ်ရန်နှင့် သင်ကြားရေးတွင် အသုံးပြုရန် ခွင့်ပြု ခဲ့ပါက ဤသို့ပြုရာတွင် ဖယောင်းတုံးများ၊ လတ်တလော ထုတ်ယူထားသည့်အသားမျှင် များ၊ ဆေးပညာဆိုင်ရာ ဓာတ်ပုံများ ပါဝင်မည်ဖြစ်ကြောင်း သိထားစေလိုပါသည်။ ဤ ပစ္စည်းများကြောင့် သင့်ကလေး မည်သူမည်ဝါဟု မသိနိုင်ပါ။

အကယ်၍သင် လိုချင်သည်ဆိုပါက စစ်ဆေးပြီးချိန်တွင် အချင်း(“အချင်း- placenta”ကို သန္ဓေသားလောင်းနှင့် သားအိမ်ဆက်ထားသည့်အရာဟုလည်းခေါ်သည်)ကို ပြန်ပေးနိုင် ပါသည်။ အချင်းကို စစ်ဆေးခြင်းသည် သေးငယ်သော အစနမူနာကိုယူပြီး ဖော်မလင် (အချင်းကို မပုပ်မသိုးအောင် ဆေးစိမ်မည့် ဓာတုဆေးရည်) ကို အသုံးပြုခြင်း ဖြစ်ပါသည်။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်း၏ အကျိုးကျေးဇူးများနှင့် ဆိုးကျိုးများမှာ အဘယ်နည်း။

### အကျိုးကျေးဇူးများ

အလောင်း ခွဲစိတ် စစ်ဆေးခြင်းက အောက်ဖော်ပြပါအချက်များအတွက် အကူအညီဖြစ်စေပါသည် -

- သေဆုံးရသည့် အကြောင်းရင်းအတွက် သိသင့်သည့် အချက်အလက်များ သို့မဟုတ် သေဆုံးရသည့် အကြောင်းရင်းအတွက် စဉ်းစားရန် မလိုအပ် သော အချက်အလက်များကို သိစေသည်
- သင့်ကလေး၏ ကိုယ်ဝန်ဆောင်ကာလကို အတည်ပြုပေးသည်
- သင့်ကလေး ယောကျ်ားလေး သို့မဟုတ် မိန်းကလေး ခွဲခြားသိစေသည်
- သေဆုံးသည့်အချိန် အကြမ်းဖျဉ်း သိစေသည်
- မျိုးရိုးဗီဇ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ပြဿနာများ၏ အရေးပါပုံကို ရှင်းလင်းစွာ သိစေသည်
- နောင် ကိုယ်ဝန်ဆောင်မည်ဆိုပါက ဖြစ်နိုင်ခြေရှိသော စဉ်းစားရမည့် အချက်အလက်များကို အသိပေးသည်
- သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးမှုနှင့်ပတ်သက်ပြီး သုတေသနဆိုင်ရာ လမ်းညွှန်မှုများပေးရေးအတွက် အချက်အလက်များနှင့် သိ ကောင်းစရာများ ပံ့ပိုးပေးကာ အနာဂတ်တွင် အခြားမိသားစုများနှင့် ကလေး များအတွက် အကူအညီပေးသည်။

### ဆိုးကျိုးများ

- အလောင်း ခွဲစိတ် စစ်ဆေးခြင်းသည် တိကျသော သေဆုံးရသည့် အကြောင်းရင်းကို ပေးချင်မှ ပေးနိုင်ပါမည်။
- မကြာမကြာ ဖြစ်တတ်သည်မှာ အလောင်း ခွဲစိတ် စစ်ဆေးခြင်းတွင် ရှုပ်ထွေးသည့် စစ်ဆေးမှုများ ပြုလုပ်ရသည့်အတွက် သင့်ကလေးကို အချိန် ကြာကြာ ထားရန် လိုအပ်ကောင်း လိုအပ်နိုင်ပြီး အသုဘအတွက် စီစဉ် ရာတွင် နှောင့်နှေးမှုများ ရှိလာနိုင်ပါသည်။ သင့်အနေနှင့် ဤစစ်ဆေးမှု များကို ဆက်လုပ်သင့်၊မလုပ်သင့် ဆုံးဖြတ်နိုင်ပြီး သင့် ကျန်းမာရေးစောင့် ရှောက်မှုအဖွဲ့က အချိန်မည်မျှကြာမည်ကို ရှင်းပြနိုင်ပါသည်။
- ခန္ဓာကိုယ်အတွင်း စစ်ဆေးမှုများပြီးသည့်အခါ သင့်ကလေးမှာ ချုပ်ရိုးများ ရှိနေမည်ဖြစ်သည်၊ သို့သော် ကလေးကို အဝတ်အစားများ ပြန်ဝတ်ပေးပြီး သည့်အခါ ချုပ်ရိုးများကို မမြင်နိုင်တော့ပါ။
- အချို့သောမိသားစုများသည် သူတို့၏ကလေး မည်ကဲ့သို့ ခံစားနေရကြောင်း ခြားနားမှုကို ပြည့်စုံစွာ ရင်ခွဲစစ်ဆေးပြီးချိန်တွင် သတိထားမိကြပါသည်။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်းကို မည်သည့်နေရာတွင် ပြုလုပ်မည်နည်း။

ဗစ်တိုးရီးယားပြည်နယ်တွင် အလောင်း ခွဲစိတ် စစ်ဆေးခြင်းများကို သင့် ကလေး ဆုံးပါးသည့်နေရာပေါ်မူတည်ပြီး အထူးကုပညာရှင်များရှိရာ သုံးနေရာ တွင် ပြုလုပ်ပေးပါသည်။ ထိုနေရာများသည် မဲလ်ဘန်းတွင် ရှိပါသည်။ ၎င်းတို့ မှာ -

- တော်ဝင် အမျိုးသမီးဆေးရုံ၊ ပတ်ခ်ဗီးလ် (The Royal Women’s Hospital, Parkville) တော်ဝင် ကလေးဆေးရုံ ရောဂါဗေဒဌာန (Royal Children’s Hospital Pathology)
- အမျိုးသမီးများအတွက် ကရုဏာဆေးရုံ။ ဟိုက်ဒဲလ်ဘာ့ဂ် (ဩစတင် ရောဂါဗေဒဌာန) (Mercy Hospital for Women, Heidelberg (Austin Pathology))
- မောနက်ရှ် ကျန်းမာရေး၊ ကလေတန်၊ မောနက်ရှ် ရောဂါဗေဒဌာန (Monash Health, Clayton (Monash Pathology)) တို့ဖြစ်ပါသည်။

သင့်အား စောင့်ရှောက်ပေးသည့် ဝန်ထမ်းအဖွဲ့က သင့်ကလေး မည်သည့် ဆေးရုံတွင် စစ်ဆေးမှုပြုလုပ်မည်ကို အသိပေးပါလိမ့်မည်။

## မည်သူက ကျွန်ုပ်၏ကလေးကို စစ်ဆေးမည့်နေရာသို့ ယူသွားမည်နည်း။

ကျွန်ုပ်တို့မှာ ကလေးများကို စောင့်ရှောက်ရာတွင် အတွေ့အကြုံရှိပြီး လေ့ကျင့် သင်ကြားထားသော စေတနာရှင် သယ်ယူပို့ဆောင်ရေးအဖွဲ့ ရှိပါသည်။

အကယ်၍သင်က သင့်ကလေးအတွက် အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြုလုပ် ရန် ဆုံးဖြတ်ပါက ကျွန်ုပ်တို့က သင့်ကလေးရှိရာ ဆေးရုံသို့ ကျွန်ုပ်တို့၏အဖွဲ့ ကို စေလွှတ်ပါမည်။ သူတို့က သင့် ကလေး စစ်ဆေးရန်နေရာသို့ သယ်သွားရန် အဆင်သင့်ဖြစ်ရေးနှင့် ချောမောစွာ ရောက်ရှိရေးကို သေချာစေပါမည်။

အကယ်၍သင် ဗစ်တိုးရီးယားပြည်နယ် မြို့ပြင်ဒေသတွင် နေထိုင်သူဖြစ်ပါ ကလည်း ကျွန်ုပ်တို့သည် သင့်ကို အသုဘကိစ္စတွင် အထောက်အကူဖြစ်စေဖို့ ကလေးကို သင်ရွေးချယ်ထားသည့် အသုဘကိစ္စ စီစဉ်ဆောင်ရွက်သူထံ ပို့ပေး ရန် စီစဉ်ပေးပါမည်။

ဤဝန်ဆောင်မှုသည် အခမဲ့ ဖြစ်ပါသည်။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်းသည် အချိန်မည်မျှ ကြာမည်နည်း။

အလောင်း ခွဲစိတ် စစ်ဆေးခြင်းသည် ဓာတ်မှန်ရိုက်ခြင်း၊ MRI ပြုလုပ်ခြင်းများလို ခန္ဓာကိုယ်ပြင်ပ စစ်ဆေးခြင်းများဖြင့် စတင်ပါသည်။ ဤစစ်ဆေးခြင်းများသည် ချက်ခြင်း ဆောင်ရွက်နိုင်သော်လည်း ဝန်ဆောင်မှုများ ပေးနိုင်၊မပေးနိုင်အပေါ် မူတည်ပြီး ရက်အနည်းငယ် ကြာကောင်း ကြာနိုင်ပါသည်။

ဤစစ်ဆေးခြင်းများပြုလုပ်ပြီးချိန်တွင် ခွဲစိတ်ခြင်း ပါဝင်သည့် ခန္ဓာကိုယ်တွင်း စစ်ဆေးခြင်း ပြုလုပ်နိုင်ပါသည်။ ခန္ဓာကိုယ်တွင်း စစ်ဆေးခြင်းသည် အကြမ်းဖျဉ်းအားဖြင့် သုံးနာရီခန့် ကြာမြင့်နိုင်ပါသည်။

သင့်ကလေး အသုဘကိစ္စစီစဉ်ရမည့် အစီအစဉ်များအပေါ် အကျိုးသက်ရောက်မှု ရှိနေသဖြင့် သင့်ကလေး ကျွန်ုပ်တို့နှင့် အချိန်မည်မျှ ကြာကြာရှိနေမည်ဖြစ်ကြောင်း သင် သိရန် အရေးကြီးသည်ကို ကျွန်ုပ်တို့ နားလည်ပါသည်။

နောက်တစ်ချက် စဉ်းစားရန်မှာ သင်နှင့် သင့်ကလေး မည်သည့်နေရာတွင် ရှိနေကြောင်း သိရန် လိုအပ်ပါသည်။ အကယ်၍သင်က ဗစ်တိုးရီးယားပြည်နယ် မြို့တော်ပြင်ပ ဒေသတွင်နေထိုင်ပါက သင့်ကလေးကို မဲလ်ဘန်းရှိ သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးမှုဆိုင်ရာ ရောဂါဗေဒပညာရှင်ထံ ကျွန်ုပ်တို့ သယ်ဆောင်သွားရန် ကြာမြင့်မည့်ချိန်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါလိမ့်မည်။

သင့်ကို စောင့်ရှောက်ပေးနေသည့် ဝန်ထမ်းအဖွဲ့က သင့်ကလေး မည်သည့်အချိန်တွင် သင့်ထံ ပြန်လည်ပို့ပေးနိုင်မည်ဖြစ်ကြောင်း ဆက်သွယ်ဆောင်ရွက်သူထံ မေးပေးနိုင်ပါသည်။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြီးဆုံးသည့်အခါ ဘာဖြစ်မည်နည်း။

အလောင်း ခွဲစိတ် စစ်ဆေးခြင်း လုံးဝပြီးဆုံးသည့်အခါ အသုဘကိစ္စစီစဉ်ရေးတွင် ပံ့ပိုးကူညီရန် သင် ရွေးချယ်ထားသည့် အသုဘကိစ္စစီစဉ်သူကို ကျွန်ုပ်တို့ ဆက်သွယ်ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ စောင့်ရှောက်မှုမှသည် ထိုသူများ၏ စောင့်ရှောက်မှုထံ သင့်ကလေးကို ကောင်းမွန်စွာနှင့် တလေးတစား လွှဲပြောင်းပေးပါမည်။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြီးဆုံးသည့်အခါ သင့်ကလေးကို သင် တွေ့နိုင်မည်လား။

တွေ့နိုင်ပါမည်။ အချို့မိဘများသည် အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြီးဆုံးသည့်အခါ အသုဘကိစ္စစီစဉ်သူ လုပ်ငန်းဆောင်ရွက်နေချိန်တွင်ဖြစ်စေ၊ သို့မဟုတ် အချို့ကိစ္စများတွင် နေအိမ်၌ဖြစ်စေ အချိန်ယူ အတူတူနေရန် ရွေးချယ်ကြပါသည်။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်း၏ ရလဒ်များကို မည်သည့်အချိန်တွင် ရနိုင်မည်နည်း။

အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြီးဆုံးသည့်အခါ သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးမှုဆိုင်ရာ ရောဂါဗေဒပညာရှင်က သူတို့တွေ့မြင်သိရှိမှုကို အသေးစိတ် အစီရင်ခံစာတစ်စောင် ရေးသားပါလိမ့်မည်။ ထိုအစီရင်ခံစာသည် တွေ့ရှိချက်များ ရသည့်အချိန်ပေါ်မူတည်ပြီး ပုံမှန်အားဖြင့် 10 ပါတ်မှ 12 ပါတ်အတွင်း ပြီးစီးတတ်ပါသည်။

အစီရင်ခံစာကို သင်နှင့် သင့်ကလေးကို စောင့်ရှောက်ပေးသည့် ဆရာဝန်ထံ ပေးပို့ပါသည်။ သူတို့က သင့်ကလေး အလောင်း ခွဲစိတ် စစ်ဆေးခြင်းမှ တွေ့ရှိရသည်များကို ဆွေးနွေးရန် သင်နှင့် နောက်ဆက်တွဲ ရက်ချိန်း စီစဉ်ပါလိမ့်မည်။

## အခကြေးငွေ မည်မျှကုန်ကျမည်နည်း။

အလောင်း ခွဲစိတ် စစ်ဆေးခြင်းအတွက် ကုန်ကျငွေ မရှိပါ။ ယင်းကို VPAS က ကျခံပါသည်။

ကျွန်ုပ်တို့သည် သင့်ကလေးကို ပညာရှင်ရှိရာနေရာမှ မြို့ပြင်ဒေသမှ အိမ်များသို့ ပြန်လည်ယူဆောင်ခကို ကျခံပေးပါသည်။

## သင် မည်သည့်အချိန်တွင် ဆုံးဖြတ်ရန် လိုအပ်သနည်း။

သင့် ကျန်းမာရေး စောင့်ရှောက်သည့်အဖွဲ့က သင့်ကလေးဆုံးပါးပြီး မကြာမီမှာ အလောင်း ခွဲစိတ် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းကို ဆွေးနွေးပါလိမ့်မည်။ အချိန်ကြာစောင့်ရခြင်းသည် စစ်ဆေးမှုရလဒ်များ၏ တိကျမှုအပေါ် အကျိုးသက်ရောက်မှု ရှိစေသဖြင့် ဤဆုံးဖြတ်ချက်ကို တတ်နိုင်သရွေ့ မြန်မြန် ပြုလုပ်ရန် အရေးကြီးပါသည်။

မည်သည့်နည်းလမ်းက အကောင်းဆုံးဖြစ်သည်ကို ရွေးချယ်ရန်အတွက် သင်နှင့် သင့်မိသားစု အချိန်ယူစဉ်းစားပါ။

## ပိုမိုသိရှိရန် အချက်အလက်များ

သင့်အနေနှင့်ဖော်ပြပါ QR ကုဒ်များကို စကင် လုပ်နိုင်ပါသည် -

**သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး၏ အလောင်းကို ခွဲစိတ် စစ်ဆေးခြင်း.**

**ပူဆွေးသောကရောက်ခြင်းအတွက် အားကိုးအားထားစရာများ**

### အကယ်၍သင် ပိုမိုပြီး သေးစိတ်လိုအပ်ပါက VPAS ဆက်သွယ်ဆောင်ရွက်သူထံ မေးမြန်းပါ။

**T** 1800 841 024

**E** VPAC@thewomens.org.au

အချိန်

တနင်္လာနေ့မှ သောကြာနေ့

နံနက် ၉.၀၀ နာရီမှ ညနေ ၅.၀၀ နာရီအထိ